တရားမဆိုင်ရာ(စီရင်ချက်ပုံစံ) ၁၇။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၈ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၇၇

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏၂၀၁၇ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၇၁ တွင် ချမှတ်သော ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီအပေါ် ပြင်ဆင်မှု

ဦးမျိုးဝင်း နှင့် ဦးစိုးဝင်း

လျှောက်ထားသူ လျှောက်ထားခံရသူ

လျှောက်ထားသူအတွက် - ဦးတင့်ဆန်း ၊ တရားလွှတ်တော်ရှေ့နေ
လျှောက်ထားခံရသူအတွက် - ကိုယ်တိုင်

## စီ ရင် ချက်

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်

ဇလွန်မြို့နယ်တရားရုံး ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၄ တွင် ဦးစိုးဝင်းက ဦးမျိုးဝင်း၊ ဦးကြည်လင်တို့သားအဖနှစ်ဦးအပေါ် ကြိုတင်ဝယ်ယူထားသည့် တစ်တင်းခွဲပါသော ပြောင်းဆံ ၅၆၆၀ အိတ်၏ တန်ဖိုးငွေ ၅၈၉၇၅၉၀၀ ကျပ်အနက်မှ ပြောင်းဆံအိတ် ၄၈၆၇ အိတ်၏တန်ဖိုးငွေ ၅၀၄၅၅၁၁၅၀ ကျပ် ပေးသွင်းပြီး ကျန်ရှိနေသည့် ပြောင်းဆံ ၇၉၃ အိတ် သို့မဟုတ် ယင်း၏တန်ဖိုးငွေ ၈၅၂၀၇၈၅ ကျပ် ရလိုကြောင်း စွဲဆိုခဲ့ရာ တရားလို ကိုစိုးဝင်းသည် ၁-တရားပြိုင် ဦးမျိုးဝင်းထံမှ ပြောင်းဆံ ၇၉၃ အိတ် သို့မဟုတ် ယင်း တန်ဖိုး ၈၅၂၀၇၈၅ ကျပ်အား စရိတ်နှင့်တကွ ရထိုက်ကြောင်း ၊ ၂-တရားပြိုင် ဦးကြည်လင်အပေါ် စွဲဆိုထားမှုနှင့် ပတ်သက်၍ ပလပ်ကြောင်း ဒီကရီချမှတ်ခဲ့သည်။ ယင်းဒီကရီကို ဦးမျိုးဝင်းက ဟင်္သာတခရိုင်တရားရုံးသို့ ၂၀၁၆ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၈ နှင့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၇ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၇၁ တို့အရ အယူခံသော်လည်း အောင်မြင်မှုမရရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤပြင်ဆင်မှု တင်သွင်း လျှောက်ထားခြင်းဖြစ်သည်။

အဆိုလွှာတွင် တရားလိုသည် ပဲမျိုးစုံနှင့်ဆန်ထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်၍ တရားပြိုင်များမှာ ပြောင်းဆံများ ဝယ်ယူပြီး တရားလိုထံ ပေးသွင်းရောင်းချကြောင်း၊ ၁၃၇၆ ခုနှစ် ၊ ကဆုန်လဆန်း ၇ ရက်နေ့ ၅-၅-၂၀၁၄ နေ့တွင် တရားပြိုင်များသည် တစ်တင်းခွဲပါသော ပြောင်းဆံအိတ် ၁၀၀၀

အတွက် ကြိုတင်ငွေ ၉၉၉၀၇၅၀ ကျပ်ကို ကြိုတင်ငွေယူလို၍ တရားလိုက တရားပြိုင်များလက်ဝယ်သို့ပေးခဲ့ကြောင်း၊ ၇-၅-၂၀၁၄ ရက်နေ့တွင် တစ်တင်းခွဲဝင် ပြောင်းဆံအိတ် ၁၃၀၀ အတွက် ၆၅၀၀ ကျပ်နှုန်းဖြင့် ကျသင့်ငွေ ၁၃၀၈၇၇၅၀ ကျပ်၊ ၁၉-၅-၂၀၁၄ နေ့တွင် ပြောင်းဆံတစ်အိတ် ၆၇၀၀ ကျပ်နှုန်းဖြင့် အိတ် ၆၀၀ အတွက် ကြိုတင်ငွေ ၆၁၉၄၀၀ ကျပ် ၊ ၂၂-၅-၂၀၁၄ နေ့တွင် တစ်အိတ် ၆၇၀၀ ကျပ်နှုန်းဖြင့် ပြောင်းဆံအိတ် ၄၀၀ အတွက် ကြိုတင်ငွေ ၄၁၄၉၀၀ ကျပ်၊ ၃၀-၅-၂၀၁၄ နေ့တွင် ၇၀၀၀ ကျပ်နှုန်းဖြင့် ပြောင်းဆံ ၁၁၆၀ အိတ် အတွက် ၂၅၆၈၆၀၀ ကျပ်၊ ၃-၆-၂၀၁၄ နေ့တွင် ၇၀၀၀ ကျပ်နှုန်းဖြင့် ပြောင်းဆံ ၁၀၀၀ အိတ်အတွက် ၁၀၉၈၅၀၀၀ ကျပ် ၊ ၆-၆-၂၀၁၄ ရက်နေ့တွင် ၇၀၀၀ ကျပ်နှုန်းဖြင့် ပြောင်းဆံအိတ် ၂၀၀ အတွက် တန်ဖိုး ၂၀၀၀၀၀၀/- ကျပ်ဖြင့် တရားပြိုင်တို့သည် တရားလိုထံမှ ၇ ကြိမ် ရယူခဲ့သည်တွင် ပြောင်းဆံအိတ် ၅၆၆၀ အိတ်၏ တန်ဖိုးငွေ ၅၀၄၅၅၁၁၅ ကျပ်ဖိုးသာ ပေးသွင်းခဲ့၍ ပြောင်းဆံ ၇၉၃ အိတ်၏တန်ဖိုးငွေ ၈၅၂၀၇၈၅ ကျပ် ရရန်ကျန်ရှိကြောင်း၊ ၁၃၇၆ ခုနှစ် ၊ နယုန်လဆန်း ၈ ရက် ၅-၆-၂၀၁၄ နေ့တွင် ပေးဆပ်ရန် ကတိပြုသော်လည်း လာရောက်ပေးဆပ်ခြင်းမရှိသဖြင့် တရားစွဲဆိုရကြောင်း အဆိုပြုသည်။

တရားပြိုင်များက ချေပရာတွင် တရားလိုနှင့်အရောင်းအဝယ်ပြုသူမှာ ၁-တရားပြိုင် ဦးမျိုးဝင်းသာဖြစ်ပြီး ၂-တရားပြိုင်မပါကြောင်း၊ ၁-တရားပြိုင်သည် ၉-၄-၂၀၁၄ မှ ၁-၆-၂၀၁၄ ထိ ပြောင်းဆံအိတ် ၇၆၈၈ အိတ်ကို တရားလိုသို့ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ပြေစာအမှတ်(၁၊၂၊ ၃)တွင်၁၈၃၀အိတ်နှင့်လက်ငင်းရောင်းချသည့် ၉၁ အိတ် စုစုပေါင်း ၁၉၂၁ အိတ်ဖြစ်ကြောင်း၊ ကျန်ရှိသည့် ပြောင်းဆံအိတ်များကို ပြေစာ (၄၊၅၊၆၊၇၊၈၊၉) နှင့် ၆-၆-၂၀၁၄ နေ့တွင် အိတ် ၂၀၀ နှင့် ပေါင်းပါက ၅၆၆၀ အိတ်ဖြစ်ကြောင်း ၊ ထို ၂ ရပ်ပေါင်းမှာ ၇၅၈၁ အိတ်ဖြစ်ကြောင်း၊ ၁-တရားပြိုင်သို့ အပ်နှံသော ပြောင်းဆံအိတ် ၇၆၈၈ တွင် ၇၅၈၁ အိတ်ရောင်းချပြီး၍ ၁၀၇ အိတ် တန်ဖိုး ၁၂၈၄၀၀၀/- တရားလိုထံတွင် ကျန်ရှိကြောင်း၊ ပြေစာအမှတ် ၅ တွင် ရရန်ကျန် ငွေ ၈၇၇၅၀ ကျပ်နှင့် ၆-၆-၂၀၁၄ နေ့ ကျန်ငွေ ၁၆၇၀၀ ကျပ် ၊ စုစုပေါင်း ၁၅၃၈၇၅၀/-ကျပ် ရရန်ကျန်ကြောင်း၊ ၁-တရားပြိုင် အမှန်ပို့သည့် ပြောင်းဆံအိတ်စာရင်းကို ထိန်ချန်အဆိုပြုခြင်းဖြစ်ကြောင်း၊ နှစ်ဦးနှစ်ဖက်စာရင်း မရှင်းလင်းရသေး၍ တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်ကြောင်း၊ ၂-တရားပြိုင်မှာ အရောင်းအဝယ်ပြုသည့် ကိစ္စတွင် ပါဝင်မှုမရှိသဖြင့် အမှုမှ ဖယ်ထုတ်ပေးသင့်ကြောင်း၊ ပြောင်းဆံအိတ် ၇၉၃ အိတ် သို့မဟုတ် တန်ဖိုးငွေ ၈၅၂၀၇၈၅ ကျပ် ပေးရန် တာဝန်မရှိကြောင်း၊ တရားလိုက တရားပြိုင်သို့ စုစုပေါင်း ၁၅၃၈၇၅၀ ကျပ် ပေးရန် တာဝန်ရှိကြောင်း၊ တရားလိုစွဲဆိုသည့် အမှုအား ပလပ်ပေးရန် ချေပထားသည်။

ဇလွန်မြို့နယ်တရားရုံးက တရားလိုသည် တရားပြိုင်များထံမှ ပြောင်းဆံ ၇၉၃ အိတ် သို့မဟုတ် ၇၉၃ အိတ်၏တန်ဖိုး ၈၅၂၀၇၈၅ ကျပ် ပြန်ရရန်ရှိကြောင်း၊ ၁-တရားပြိုင်သည် တရားလိုထံမှ ပြောင်းဆံ ၁၀၇ အိတ်ဖိုး အပါအဝင် ၁၅၃၈၇၅၀ ကျပ် ရရန်ရှိသည်ဆိုခြင်း မမှန်ကြောင်း၊ ၂-တရားပြိုင်အား အမှုသည်အဖြစ်မှ ဖယ်ထုတ်ပေးသင့်ကြောင်း သုံးသပ်၍ တရားလို ကိုစိုးဝင်းသည် ၁-တရားပြိုင် ကိုမျိုးဝင်းထံမှ ပြောင်းဆံ ၇၉၃ အိတ် သို့မဟုတ် ယင်းတန်ဖိုး ၈၅၂၀၇၈၅ ကျပ်အား စရိတ်နှင့်တကွ ရထိုက်ကြောင်း ဒီကရီချမှတ်ထားသည်။

ဟင်္သာတခရိုင်တရားရုံးနှင့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်တို့က ဇလွန်မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဆက်လက်အတည်ပြုခဲ့သည်။

/

လျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက တရားလိုမှ သက်သေခံ-က ငွေထုတ်စာရင်း၊ သက်သေခံ-ခ ငွေရပြေစာတို့ကိုလည်းကောင်း၊ တရားပြိုင်က သက်သေခံဘောက်ချာ ၁ မှ ၇ တို့ကိုလည်းကောင်း စာမှတ်စာတမ်းများ သက်သေခံတင်ပြခဲ့ရာ ၎င်းစာမှတ်စာတမ်းများအရ တရားပြိုင်က ပြောင်းဆံပို့ပြီး တရားလိုက ငွေရှင်းခြင်းဖြစ်ကြောင်း၊ တရားပြိုင် ပို့သည့်ပြောင်းဆံဖိုးကိုပင် အပြေအကျေမပေးနိုင်၍ ခွဲဝေပေးရကြောင်း သက်သေခံ ၁ မှ ၇ ငွေရပြေစာတို့အရ ပေါ်ပေါက်ကြောင်း၊ တရားလို တင်ပြသော သက်သေခံစာရွက်စာတမ်းများအား တရားပြိုင်မှလည်း ထပ်တူတင်ပြခဲ့သော်လည်း ထိုစာရွက်စာတမ်းပါ သက်သေခံချက်များအား မျက်ကွယ်ပြု၍ တရားလိုသည် ပြောင်းဆံဖိုးကြိုတင်ထုတ်ပေးခဲ့သည်ဟု သုံးသပ်ချမှတ်ခဲ့ခြင်းမှာ စာရွက်စာတမ်း သက်သေခံချက်များအပေါ် နှုတ်သက်သေခံချက်က လွှမ်းမိုးခဲ့ခြင်းဖြစ်၍ သက်သေခံဥပဒေပုဒ်မ ၉၂ ပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်ခြင်းမရှိကြောင်း၊ အဆိုလွှာနှင့်သက်သေခံချက်များ ကွဲလွဲသည့် အခြေအနေမျိုးတွင် ယခင်ကတစ်မျိုး၊ ယခုတစ်မျိုး ပြောဆိုခြင်းကို သက်သေခံဥပဒေပုဒ်မ ၁၁၅ အရ လက်ခံခွင့်မပြုသင့်ကြောင်း စီရင်ထုံးများ ကိုးကားတင်ပြ၍ ဤပြင်ဆင်မှုအား လက်ခံပေးရန် လျှောက်ထားသည်။

လျှောက်ထားခံရသူ ဦးစိုးဝင်းက အဝယ်ပြောင်းအိတ်စာရင်းမှာ ၅-၅-၂၀၁၄ မှ ၆-၆-၂၀၁၄ နေ့အထိ ၅၆၆၀ အိတ်ဖြစ်ကြောင်း၊ ဦးမျိုးဝင်းနှင့်ဦးကြည်လင်းတို့က ၃-၅-၂၀၁၄ နေ့မှ ၁-၆-၂၀၁၄ နေ့ထိ ပေးပို့သည့် ပြောင်းဆံအိတ်မှာ ၄၃၀၆ အိတ်ဖြစ်ပြီး ပြောင်း ၅၆၁ အိတ်ဖြစ်၍ တရားလို၏ ဂိုဒေါင်ပို့သည့် အိတ်စုစုပေါင်း ၄၈၆၇ အိတ်ရှိသဖြင့် ဦးမျိုးဝင်း ပို့ရန် ကျန်သော ပြောင်းအိတ်မှာ ၇၉၃ အိတ်ဖြစ်ပြီး တန်ဖိုး ၈၅၂၀၇၈၅ ကျပ်ဖြစ်ကြောင်း၊ ပေးပို့သော ပြောင်းအိတ်များကို လက်မှတ်ထိုး၍ လက်ခံခဲ့ကြောင်း၊ တရားလိုမှ ငွေကြိုထုတ်ပေးဝယ်ယူကြောင်း အထောက်အထားများအရ ပေါ်ပေါက်ကြောင်း၊ အယူခံတရားလို ဦးမျိုးဝင်း တင်ပြသော သက်သေခံ ၈၊ ၉ ၊ ၁၀ စာအုပ်များတွင် နေ့စွဲ၊ ရက်စွဲ မပါသော ပြောင်းအိတ်စာရင်းများ ပါနေကြောင်း၊ ၃-၆-၂၀၁၄ နေ့ အိတ် ၁၀၀၀ နှင့် ၆-၆-၂၀၁၄ နေ့ အိတ် ၂၀၀ စာရင်းများကို ဦးစိုးဝင်း ဂိုဒေါင်သို့ ပို့ပြီးကြောင်း အထောက်အထားမတင်ပြနိုင်ခဲ့ကြောင်း၊ ၃-၆-၂၀၁၄ နေ့ ပြောင်းအိတ် ကျသင့်ငွေနှင့် ကျန်ငွေ ၁၀၉၈၅၀၀၀ကျပ်အား ကိုမျိုးဝင်းရရှိခဲ့ကြောင်း ချေလွှာတွင်တွေ့ရှိနိုင်ကြောင်း၊ ထိုနေ့တွင် ဦးမျိုးဝင်းမှ ပြောင်း ၂၀၀ အိတ် ရောင်းချ၍ ကျသင့်ငွေကျပ်သိန်း ၂၀ ရရှိသည်ကိုလည်း ချေလွှာတွင် ဝန်ခံထားကြောင်း၊ ငွေများထုတ်ယူလျက် ကုန်မပို့ဘဲထားကြောင်း၊ ဦးမျိုးဝင်းထံ အဆိုပါ ပြောင်းအိတ် ၇၉၃ အိတ်အတွက် တန်ဖိုးငွေ ၈၅၂၀၇၈၅ ကျပ် ရရန်ရှိကြောင်း၊ ချေလွှာအရ ၁-၆-၂၀၁၄ နေ့ အထိသာ ပြောင်းဆံပေးပို့ကြောင်း ဝန်ခံဖော်ပြကြောင်း၊ သက်သေခံ- က နှင့် ခ ပါစာရင်းနှင့် သက်သေခံ-၂ မှ ၇ စာရင်းတို့အရ မိမိဝယ်ယူသော ပြောင်းဆံအိတ် ၅၆၆၀ ဖြစ်ကြောင်း၊ ပြေစာအမှတ် ၅ ပါ ၈၇၇၅၀ ကျပ်နှင့် ၆-၆-၂၀၁၄ တွင် ငွေကျန် ၁၆၇၀၀၀ ကျပ်တို့ကို စာရင်းများတွင်ထည့်သွင်းရှင်းပေးထားကြောင်း၊ တရားလိုပြသက်သေထွက်ဆိုချက်များအရ ငွေရှင်းဘောက်ချာဖြတ်ပြီးမှ ပြောင်းအိတ်ပို့ခြင်းမှာ မြင်သာကြောင်း၊ မူလတရားရုံးက ပြောင်းဆံအိတ် ၇၉၃ အိတ်သို့မဟုတ် ယင်းတန်ဖိုး ၈၅၂၀၇၈၅ ကျပ်ရထိုက်ကြောင်း တရားရုံးအဆင့်ဆင့်က အတည်ပြုထားပြီး၍ ဤပြင်ဆင်မှုအား ပလပ်ပေးရန် လျှောက်ထားသည်။

မူလရုံးတရားလို ဦးစိုးဝင်းသည် ပြောင်းဆံနှင့်ဆန်အရောင်းအဝယ် ပြုလုပ်သူဖြစ်ပြီး တရားပြိုင်များ နေထိုင်သည့် ရေလယ်သောင်ရွာတွင် ဂိုဒေါင်ဆောက်လုပ်၍ ပြောင်းဆံများ ဝယ်ယူခဲ့ရာ တရားပြိုင် ဦးမျိုးဝင်းသည် ဦးစိုးဝင်းထံသို့ ပြောင်းဆံများ ပေးသွင်းဆောင်ရွက်ခြင်းကို ၂၀၁၄ ခုနှစ်မှစတင် ဆက်သွယ်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

တရားလိုက ပြောင်းဆံဖိုး ကြိုတင်ငွေထုတ်ပေးပြီးမှ ရောင်းသူက ပြောင်းဆံများပေးအပ်ကြောင်း အဆိုပြု၍ တရားပြိုင်ဘက်က ပြောင်းဆံများ အရင်အပ်နှံပြီးမှ ငွေထုတ်ယူကြောင်း ချေပထားသည်။

တရားလို၏ အဆိုလွှာနှင့်ထွက်ဆိုချက် ၊ သက်သေခံ-က ငွေထုတ်စာရင်းမှတ်တမ်းအရ တရားပြိုင် ကိုမျိုးဝင်းက ငွေများကို နေ့စွဲအလိုက် လက်မှတ်ရေးထိုးထုတ်ယူထားကြောင်း တွေ့ရသည်။

တရားလိုမှ သက်သာခွင့် တောင်းခံထားသော သက်သေခံ-က စာရင်းပါ ၅-၅-၂၀၁၄ မှ ၃-၆-၂၀၁၄ နေ့အထိ အရောင်းအဝယ်ပြုသော ပြောင်းအိတ်အရေအတွက် ငွေပမာဏများသည် တရားပြိုင်ဘက် တင်ပြသော သက်သေခံ ၂ မှ ၇ ထိပါ ငွေပမာဏ၊ အိတ်အရေအတွက်တို့ကိုက်ညီကြောင်း တွေ့ရသည်။

သက်သေခံ-ကပါ ငွေထုတ်စာရင်းနှင့် သက်သေခံ ၂ မှ ၇ ထိပါ အရောင်းဘောက်ချာဖွင့်သည့် ပြောင်းအိတ်အရေအတွက်မှာ ၅၄၆၀ အိတ်ဖြစ်ပြီး ၆-၆-၂၀၁၄ နေ့စာရင်းဖွင့်သည့် အိတ် ၂၀၀ နှင့် ပေါင်းလျှင် ၅၆၆၀ အိတ်ဖြစ်သည်။

တရားလို၏ ဂိုဒေါင်သို့ ပြောင်းပို့စာရင်း သက်သေခံ-င တွင် ၃-၅-၂၀၁၄ နေ့မှ ၁-၆-၂၀၁၄ နေ့အထိ နေ့အလိုက် ပေးပို့သော ပြောင်းအိတ်စုစုပေါင်း ၄၃၀၆ အိတ်ဖြစ်ပြီး ရှေ့ပိုင်းတွင် အပ်ပြောင်းအဖြစ်လက်ခံထားသည့် ၅၆၁ အိတ်ကို ထည့်သွင်းစာရင်းပေါင်းလျှင် ၄၈၆၇ အိတ် တရားပြိုင်မှ ပေးသွင်းထားကြောင်း စာရင်းများနှင့်ကိုက်ညီကြောင်း တွေ့ရှိရသည်။

ထို့ပြင် အဆိုပါ စာရင်းများ မတိုင်မီ ရှေ့ပိုင်းရက်များတွင် တရားပြိုင်က ၁၂-၄-၂၀၁၄နေ့မှ ၂-၅-၂၀၁၄ နေ့ထိ ပြောင်းအိတ် အရောင်းစာရင်း ၂၃၂၁ အိတ် (၄၃၀+၉၁+၄၀၀+၄၀၀+၁၀၀၀) ဖြစ်ပြီး ၁၄-၄-၂၀၁၄ နေ့မှ ၃-၅-၂၀၁၄ နေ့ထိ ပြောင်းပို့စာရင်းမှာ ပြောင်းအိတ်အဝင်စာရင်း စာမျက်နှာ ၁ တွင် ၁၆၄၂ အိတ် + စာမျက်နှာ ၁၁ တွင် ၈၁၆ အိတ် + စာမျက်နှာ ၁၈ တွင် ၄၀၀ အိတ်၊ စုစုပေါင်း ၂၈၅၈ အိတ်ဖြစ်ရာ ရောင်းချ သည့် ၂၃၂၁ အိတ်ဖြင့် ခြားနားပါက ၅၃၇ အိတ် ပိုမိုပေးသွင်းထားကြောင်း တွေ့ရသည်။

ထိုစာရင်းတွင် တရားလိုက ၅၆၁ အိတ်ကို အပ်ပြောင်းအဖြစ် ထည့်သွင်းဖော်ပြထားရာ ထိုသို့ပိုပေးသွင်းသည့်အိတ်များမှာ အပ်ပြောင်းအဖြစ် ပေးသွင်းသည်ဟု မှတ်ယူရရှိပေသည်။ အပ်ပြောင်းအိတ်အရေအတွက်မှာ တရားပြိုင်မှ ပိုမိုပေးသွင်းသည့် အိတ်ထက်အရေအတွက်ပိုသဖြင့် တရားပြိုင်မှ နစ်နာရန်အကြောင်းမရှိပေ။

၅-၅-၂၀၁၄ နေ့ ပြောင်းဖိုးစာရင်းတွင် ၃-၅-၂၀၁၄ နေ့၌ ကြိုတင်ပေးပို့သည့် ပြောင်းအိတ်များပါဝင်ခဲ့သော်လည်း ထိုနောက်ပိုင်းတွင် ရောင်းပြောင်းဘောက်ချာ အရင်ဖွင့်ထားပြီး ပြောင်းဆံအိတ်များအလီလီပေးပို့ခဲ့ကြောင်း စာရင်းများအရ ပေါ်လွင်သည်။

သို့ပါ၍ မူလရုံးတရားလိုထံမှ တရားပြိုင်က ပြောင်းဆံ ၅၆၆၀ အိတ် ရောင်းချရန် စာရင်းဖွင့် ငွေရယူထားပြီး ၄၈၆၇ အိတ်သာ ပေးသွင်းသဖြင့် တရားလိုမှ ၇၉၃ အိတ် ရရန်ရှိကြောင်း ပေါ်လွင်ပြီး တရားပြိုင်က တရားလိုထံမှ ပြောင်းဆံအိတ်၃၀၇ အိတ်ဖိုးရရန်အကြောင်း မပေါ်ပေါက်ပေ။

မူလမြို့နယ်တရားရုံးက တရားလိုသည် ၁-တရားပြိုင်ထံမှ ပြောင်းဆံအိတ် ၇၉၃ အိတ် သို့မဟုတ် ယင်းတန်ဖိုး ၈၅၂၀၇၈၅ ကျပ် ပေးစေရန် ဒီကရီချမှတ်ထားပြီး အယူခံတရားရုံးအဆင့်ဆင့်မှလည်း တစ်သဘောတည်း လက်ခံအတည်ပြုထားကြောင်း တွေ့ရသည်။

အောက်ရုံးသည် ဥပဒေအချက်အလက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ သက်သေခံချက်ပါ အရေးပါသော အကြောင်းခြင်းရာတစ်ရပ်ရပ်ကိုဖြစ်စေ ဆင်ခြင်သုံးသပ်ရန် ပျက်ကွက်လျှင် တရားဥပဒေနှင့်အညီ မဟုတ်ဘဲ ဆောင်ရွက်ခြင်းဖြစ်၍ ပြင်ဆင်မှုတရားရုံးက အောက်ရုံး၏ အဆုံးအဖြတ်ကို ပြင်ဆင်နိုင်သည်။

ယခုအမှုတွင် မူလမြို့နယ်တရားရုံးက အမှုတွင် ပေါ်ပေါက်သည့် သက်သေခံချက်များအပေါ် ကြောင်းကျိုးညီညွတ်စွာ သုံးသပ်ထားကြောင်းသာ ပေါ်ပေါက်သဖြင့် ၎င်းရုံးက ချမှတ်ခဲ့သော ဒီကရီအပေါ် အယူခံရုံးအဆင့်ဆင့်က လက်ခံအတည်ပြုခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်၍ ဤရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ပြင်ဆင်ရန် အကြောင်းမရှိပေ။

ထို့ကြောင့် ဤပြင်ဆင်မှုအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၁၀၀၀၀ သတ်မှတ်သည်။

( မြဟန် )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး